

*Do 1 Thing ၏ အလုပ်တာဝန်သည် တစ်ဦးချင်းပုဂ္ဂိုလ် ၊ စီးပွားလုပ်ငန်း များ နှင့် အသိုင်းအဝိုင်း တို့အား ဘေးဒဏ်အားလုံးအတွက်ပြင်ဆင်ရန် နှင့် ဘေးဒဏ် ကို ခံနိုင်ရည်ရှိရန် စွမ်းဆောင် ပေးသည်။*

**<u>ပန်းတိုင်</u> - အရေးပေါ်အခြေအနေတွင် လက်ခံရရှိသည့် အကြောင်းအချက်အလက် အပေါ် သင့် အိမ်ထောင်စုရှိ လူတိုင်း က လက်ခံရရှိကြောင်း ၊ နားလည်ကြောင်း နှင့် ၎င်းအတိုင်းလိုက်နာ လုပ်ဆောင်နိုင် ကြောင်း ကို သေချာစေပါ။**

# သတင်း အသိရှိပါ

အရေးပေါ်အခြေအနေအတွင်း မှန်ကန်သော သတင်းအချက် ရရှိခြင်းသည် လုံခြုံသော လုပ်ဆောင်ချက် ကို လုပ်ရန် အဓိကသော့ချက် ဖြစ်ပါသည်။ သင့် အိမ်ထောင်စု ရှိ တစ်ဦးတစ်ယောက်သည် အရေးပေါ် အကြောင်းအချက်အလက် ကို လက်ခံနိုင်မည် ၊ နားလည်နိုင်မည် သို့မဟုတ် ၎င်းအပေါ် လိုက်နာလုပ် ကိုင်နိုင်မည် မဟုတ်ပါ။ သင့် အိမ်ထောင်စု တွင် မည်သည့် အထူးလိုအပ်ချက်များ ရှိနိုင်သည် ကို စဉ်းစားပါ။ အရေးပေါ်အခြေအနေ တစ်ခုတွင် သင့်မိသားစု ရှိ လူတိုင်းက လုံခြုံလိမ့်မည် ကို သေချာအောင် ယခု လုပ်ပါ။

## ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရန် အောက်ပါ အရာများ ထဲမှ တစ်ခု ကို ဤလတွင် လုပ်ရန် ရွေးချယ်ပါ -

☐ **သင့်မိသားစုရှိ လူတိုင်းသည် အရေးပေါ်သတိပေးချက်များ ကို သူတို့ကြားသည့်အခါ ဘာလုပ်ရမည် ကို သိရန် သေချာစေပါ။**

သင့် အသိုင်းအဝိုင်းတွင် အပြင်သတိပေးဥသြသံများ (မုန်တိုင်းအချက်ပေးဥသြသံများ ဟုလည်းခေါ်သည်) ရှိပြီး သင့်အား အရေးပေါ်အခြေအနေတွင် သတိပေး သည်။ ဤ ဥသြသံများသည် အပြင်တွင်ရှိနေသောလူများအား အသိပေးရန်ရည်ရွယ်ပြီး သူတို့အနေဖြင့် အတွင်းသို့ဝင်ကာ ပိုမိုသော သတင်းအချက်အလက်များ ကို ရယူရန်ဖြစ်သည်။ အကယ်၍ သင်သည် သင့်အသိုင်းအဝိုင်းအတွင်း အပြင်သတိပေးဥသြသံများ ကို ကြားသည့်အခါ သင့်အတွက် အပြင်တွင် ရှိနေခြင်းသည် မလုံခြုံပါ။ သင်သည် တည်ငြိမ်သည့်အဆောက်အဦးတစ်ခုအတွင်း ဝင်၍အကာအကွယ်ယူသင့်ပြီး ရုပ်မြင်သံကြား ၊ ရေဒီယို ၊ အင်တာနက် တို့မှ သို့မဟုတ် သူငယ်ချင်း သို့မဟုတ် မိသားစုဝင် ကို ဆက်သွယ်ခြင်း မှ သတင်းအချက်အလက်များ ကို ရယူပါ။

သင့်ဒေသ မီးသတ်ဌာန ကို ဖုံးခေါ်၍ သင့် နေရာဒေသ သည် သတိပေးဥသြသံများ အကြုံးဝင်ကြောင်း ၊ မည်သည့်အခါတွင် ၎င်းတို့ကို စမ်းသပ်စစ်ကြောင်း နှင့် မည်သည့်အခါတွင် ၎င်းတို့ကို အသံအချက်ပေးမည်ဖြစ်ကြောင်း မေးမြန်းရှာဖွေပါ။ အပြင်သတိပေးဥသြအသံများ အသံမြည်သည့်အခါ သင့်မိသားစု၏အခြား မိသားစုဝင်များ သည် ဘာလုပ်မည်ကို သိကြောင်း သေချာစေပါ။

အချို့အသိုင်းအဝိုင်းများ တွင် နေထိုင်သူများအား သတိပေးသည့် အခြားနည်းလမ်းများ ရှိပါသည်။ သူတို့သည် အရေးပေါ် သတင်းအချက်အလက်များ အား တယ်လီဖုံး ဖြင့်ခေါ်ပေးနိုင်သည် သို့မဟုတ် ဖုံးစာတိုဖြင့်ပို့နိုင်သည် သို့မဟုတ် အီးမေးလ်ဖြင့် ပို့နိုင်သည်။ သင့်ဒေသရှိ အရေးပေါ်အခြေအနေ စီမံအုပ်ချုပ်ရေးရုံး သို့မဟုတ် ရဲအရာရှိရုံး အား ဆက်သွယ်ခြင်းအားဖြင့် သင့်အသိုင်းအဝိုင်းတွင် မည်သည့် အခြားသတိပေးစနစ်များ ရှိကြောင်း ကို ရှာဖွေပါ။ အရေးပေါ်အခြေအနေ သတင်းအချက်များ ရသည့်အခါ ဘာလုပ်ရမည့်အကြောင်း မိသားစုဝင်များ နှင့် ပြောဆိုပါ။

## NOAA အရေးပေါ်အခြေအနေ သတိပေး ရေဒီယို တစ်ခု ကို ရယူထားပါ။

ရာသီဥတု သည် အလွန်လျင်မြန်စွာ ပြောင်းနိုင်သည်။ လူများသည် အိပ်ပျော်နေသည့်အခါ သို့မဟုတ် ရာသီဥတုခန့်မှန်းချက် ကို မသိသည့်အခါ ပြင်းထန် သည့်ရာသီဥတုသည် တိုက်ခတ်နိုင်သည်။ အကယ်၍ လူများသည် လုံခြုံသည့် ခိုလုံရာနေရာ ကို မရှာဖွေလျှင် ၄င်းသည် ဆိုးဝါးနိုင်ပါသည်။ NOAA အရေးပေါ် အခြေအနေ သတိပေးရေဒီယို (တစ်ခါတစ်ရံ ရာသီဥတုရေဒီယို ဟုခေါ်သည်) မှ အရေးပေါ်အခြေအနေသတိပေးသည့်အခါ သူ့အလိုအလျောက် အသံထွက်လာ နိုင်ပြီး သင့်အား အချိန်မရွေး သတိပေးနိုင်သည် -- နေ့ သို့မဟုတ် ည တွင်ဖြစ်သည်။

အရေးပေါ်အခြေအနေ သတိပေးရေဒီယိုများ ကို ဓါတုပစ္စည်းယိုဖိတ်ခြင်း ကဲ့သို့သော အခြားအရေးပေါ်အခြေအနေများ ကို သတိပေးရန် ကိုလည်း အသုံးပြုနိုင် ပါသည်။ အရေးပေါ်အခြေအနေ သတိပေးရေဒီယို ဖြင့် သင့်အား ခိုလုံရာနေရာ ယူရန် သို့မဟုတ် အခြား လုံခြုံသည့်လုပ်ဆောင်ချက် လုပ်ရန် အန္တရာယ်ရှိသည့် အခြေအနေများ ကို အချိန်မီ သတိပေးပါသည်။

အိမ်တိုင်းသည် အရေးပေါ်အခြေအနေ သတိပေး ရေဒီယို တစ်ခု ရှိသင့်ပါသည် ၊ အိမ်တိုင်းတွင် မီးအချက်ပေးကိရိယာ ရှိသကဲ့သို့ ဖြစ်ပါသည်။ လျှပ်စစ်ပစ္စည်းများ ရောင်းသော စတိုးဆိုင်များ တွင် ၄င်းတို့ ကို ဝယ်ယူနိုင်ပါသည်။ ဈေးနှုန်းများ မှာ $20.00 မှ စသည်။ အတော်များများ မှာ ဘက်ထရီဖြင့် လည်ပတ်သည် သို့မဟုတ် ဘက်ထရီ အစားထိုးလည်ပတ် ပါသည်။

## သင့်အိမ်ထောင်စု ရှိ လူတိုင်း သည် သဘာဝဘေးဒဏ် တွင် ပြောဆိုဆက်သွယ်နိုင်ကြောင်း သေချာစေပါ။

သင့် အသိုင်းအဝိုင်းအတွင်း အရေးပေါ်သတင်းအချက်အလက်များ ပေးပို့သည့် နည်းလမ်း သည် လူတိုင်းအတွက် အလုပ်ဖြစ်နိုင်မည် မဟုတ်ပါ။ အကယ်၍ သင်သည် အင်္ဂလိပ်စကား ကို ကောင်းစွာ မပြောလျှင် သို့မဟုတ် ပြောရန် သို့မဟုတ် နားထောင်ရန် အထောက်အကူပစ္စည်းကိုသုံးလျှင် ၊ သဘာဝဘေးဒဏ်တွင် သတင်းအချက် ကို သင် ရယူ ပေးအပ် နိုင်ကြောင်း သေချာစေရန် ယခုပင် အစီအစဉ် ရေးဆွဲပါ။

အသိုင်းအဝိုင်းများသည် သတင်းအချက်အလက်များ ကို ရုပ်မြင်သံကြားဖြင့် သို့မဟုတ် ရေဒီယို ဖြင့် ၊ အလိုအလျောက်ဖုံးခေါ်ခြင်းဖြင့် ၊ ဖုံးစာတိုဖြင့် ၊ အီးမေးလ်ဖြင့် သို့မဟုတ် အပြင်သတိပေး ဥသြသံများဖြင့် ပေးနိုင်ပါသည်။ ရဲ သို့မဟုတ် မီးသတ် သည် သူတို့လမ်းများ ပေါ်တွင် မောင်းနေစဉ် သတင်းအချက်အလက်များ ကို ပေးရန် အသံချဲ့စက်များ ကို အသုံးပြုနိုင်သည်။ တုံ့ပြန်သူများ သို့မဟုတ် စေတနာ့ဝန်ထမ်းများ သည် တစ်အိမ်ဝင် တစ်အိမ်ထွက် ကာ လူများ အား တိုက်ရိုက် ပြောဆိုနိုင်သည်။

အကယ်၍သင်သည် အရေးပေါ်သတင်းအချက်အလက်များ ကို နားမလည် နိုင်လျှင် ၊ အရေးပေါ်အခြေအနေတွင် အကူအညီအတွက် သင် ဆက်သွယ်ရန် တစ်ဦးဦး (သို့မဟုတ် တစ်ဦးထက်ပို၍) အား သတ်မှတ်ထားပါ။ ထိုသူတို့နှင့် ဆက်သွယ်ရန် နည်းလမ်း တစ်ခုထက်ပို၍ ထားရှိပါ။ သူတို့၏ ဆက်သွယ်ရမည့် အချက်အလက် များ ကို သင်နှင့်အတူထားပါ။

**အရေးပေါ်အခြေအနေ အချက်အလက်များ - စဉ်းစားရမည့်အရာများ ...**

- အရေးပေါ်အခြေအနေ သတင်းများ သို့မဟုတ် ရာသီဥတု ထုတ်ပြန်ချက်များ တို့သည် စာတန်းထိုးနိုင်မည် မဟုတ်ပါ။
- ရုပ်မြင်သံကြား မြင်လွှာပေါ်တွင် ပြထားသည့် သတင်းများ အား နတ်ဖြင့် အကျဉ်းချုံးပြောလိမ့်မည် မဟုတ်ပါ။
- အလိုအလျောက်ပြောသည့် အသံများ နှင့် အသံချဲ့စက် ကို ကျော်လွှားပြောသည့်စကားများ ကို နားလည်ရန် ခက်ခဲနိုင်မည်။
- သတင်းအချက်အလက်များသည် လျင်မြန်စွာ လာပြီး ၊ ဘေးဒဏ်ကြောင့် စိတ်တင်းကျပ်မှုသည် ၄င်းသတင်း ကို နားလည်ရန် ခက်ခဲစေနိုင်ပြီး ညွှန်ကြားချက်များ ကို မှတ်မိရန် ခက်ခဲစေနိုင်သည်။
- ရုပ်မြင်သံကြားမြင်လွှာ အောက်ခြေတစ်လျှောက် ရွေ့ရှားနေသော စကားလုံးများသည် အလွန်လျင်မြန်စွာ ရွေ့ရှားနိုင်သည်။
- ရုပ်မြင်သံကြားမြင်လွှာအရောင် သို့မဟုတ် စာတန်းအရောင်သည် အချို့သတင်းအချက် ကို ဖတ်ရန်ခက်ခဲအောင် လုပ်နိုင်သည်။